လှိုင်းကြာဖြူ
(လားရှိုး)

# ရိုးမြေကျ ပေါင်းရပါစေသား

အချစ်လုံးချင်းဝတ္ထုသစ်

**ရှိုးမြေကျပေါင်းရပါစေသား**

ချစ်သူ---လိုက်ခဲ့ပါလား

ဟော---ဟိုရှေ့မှာ

ရောင်စုံဧဒင်ဥယျာဉ်ကြီးတစ်ခု

မင်းလိုချင်တဲ့ အချစ်ပန်းတစ်ပွင့်

ကိုယ်ပန်ဆင်ပေးမယ် မြတ်မြတ်နိုးနိုး

ဆိုးမိုက်တတ်လွန်းတဲ့ ကိုယ့်အပေါ်

နားအလည်နိုင်ဆုံးက မင်း

ရမ်းကားတတ်တဲ့ သူ့ရဲ့ ရင်ထဲ

ချစ်ခြင်းစောင်းကြိုး ညှိပေးနိုင်ခဲ့သူကမင်း....

ပတ်ဂန်းကျင်ရဲ့ ဥပေက္ခာနဲ့ ဆန့်ကျင်တဲ့

မေတ္တာရေစင် သွန်းဖြန်းပေးခဲ့တာမင်း။

ကိုယ့်ရင်ခွင်ထဲ နွဲ့နွဲ့လေးမှီလှည့်

ကိုယ်သီဆိုပေးတဲ့ ချစ်ခြင်းသံစဉ်

မင်းထံပါး ငြိမ့်ငြိမ့်လေး စီးဆင်းစေဖို့
ကိုယ်တာဝန်ယူတယ် ချစ်သူ။

အချစ်ရဲ့ လမ်း မဖြောင့်ဖြူးခဲ့ရင်
အခက်အခဲဆိုတာ
ကိုယ့်အတွက် မိုးကြယ်မို့လား။

ကံကြမ္မာဆိုးနဲ့
သူသေကိုယ်သေ ဖိုက်ရဲပါတယ်
ဇာတ်ဆရာဆီက တောင်းမိတဲ့ ဆု
တစ်ခုတည်းပါ...
“ရာသက်ပန် ရိုးမြေကျ ပေါင်းရပါစေသား”။ ။

ရှင်လွန်းမယ်

8.1.2017(3:00 PM)

* * *

# အခန်း(၁)

"ဘေးကို ဘေးကို ဆရာလာတယ်"

"အမလေး ပလုတ်တုတ်"

လူအုပ်ကြားထဲသို့ လျှောခနဲ ရောက်လာသော စကိတ်စီး လူငယ်တစ်သိုက်ကြောင့်ကိုယ့်အာရုံနှင့်ကိုယ် ရှိနေကြသူများ ဖရိုဖရဲဖြစ်သွားကြသည် ။

အရှောင်မတော်၍ တိုက်မိ၊ လဲမိသူများကို လှည့်မကြည့်ဘဲ ထိုလူငယ်တစ်စုမှာ လူတွေကို အထိတ်တလန့် လုပ်လိုက်ရ၍ ကျေနပ်သည့် ဟန်နှင့် တစ်ယောက်လက်ဖဝါး တစ်ယောက်ရိုက်ကာ အောင်ပွဲခံလိုက်ကြလေသည် ။

ပါးစပ်မှ လည်း ဟူးရားရား၊ ဝူးဝါးဝါး အော်သံများက ကလေကချေဆန်သည် ။ ဝတ်ထားစားထားကြပုံများကိုလည်း ကြည့်ကြပါဦး။

အပေါက်ပေါက် အဖာထေးထေး ဂျင်းဝတ်စုံများ နှင့် တကယ့်လမ်းသရဲ စတိုင်။

နဖူးမှာ လည်း ကြောင်ကြောင်ကျားကျား ပဝါစများကို ပတ်ပြီး နောက်စေ့ဘက်တွင် ချီကြထားကြပြန်သည် ။ ငါးယောက်သား တစ်ယောက်လက် တစ်ယောက်ဆက်၍ စကိတ်စီးသွားကြရာ (၁၅) ပေသာသာ လမ်းလေးမှာ သူတို့ နှင့် ပြည့်သွားလေသည် ။ သူတို့ အကြောင်းသိနေသော

လူတွေကတော့ အနီးအနားမရောက်ခင်ပင် ကြိုတင် ရှောင်တိမ်းကြလေရာ ရှေ့ဘက်၌ လမ်းရှင်းနေလေသည် ။

သင်တန်း canteen ရှေ့သို့ ရောက်တော့ ရှေ့ဆုံးမှ တစ်ယောက်က ဆိုင်ရှေ့မရောက်ခင် ခြေထောက်ခုန်ကွကာ စကိတ်စီး ဖိနပ်ကို လှလှပပ ဖြုတ်ယူလိုက်သည် ။

လေထဲမှာ မြောက်ကနဲ ဖြစ်သွားစဉ် ဖိနပ်ကို ဆတ်ခနဲ လှမ်းချွတ်ယူလိုက်ပုံက ပညာသားပါလွန်းသဖြင့် ဆိုင်ထဲတွင် ရှိနေသော ဆယ်ကျော်သက် မိန်းကလေးတစ်စုရဲ့ အားပေးသံကို ကြားလိုက်ရသည် ။

ဦးစွာရောက်နှင့်နေကြသော သင်တန်းသားတချို့က မိန်းကလေးအများ စုရဲ့ အာရုံ ထိုတစ်ယောက်မှာ ရှိနေခြင်းကို မကျေနပ်စွာ။ တချို့ကျတော့ ဤအဖွဲ့ရောက်လာလျှင် ပြဿနာ တစ်ခုမဟုတ်တစ်ခု ရှာတတ်သဖြင့် ပိုက်ဆံရှင်းကာ ထွက်သွားသူကသွား။

“ဖြောင်း ဖြောင်း”

“ဝိုး....ထွဋ်သိပ်တော်တာပဲ”

“ထွဋ်ကို ဝိုင်းရံကြ”

မိန်းကလေးတချို့ ကဲကဲလူပ်စွာ ထွဋ်အနီးသို့ အပြေးရောက်လာကြသည် ။

ထွဋ်ဆိုသည့်သူမှာ သူငယ်ချင်းတွေနှင့် ဆန့်ကျင်စွာ ဂျင်းအင်္ကျီကို မဝတ်ဘဲ ခါးတွင် ပတ်ချည်ထားသည် ။

အင်္ကျီလက်ပြတ်နီရဲရဲက တောင့်ဖြောင့်သော ထွဋ်ရဲ့ ခန္ဓာကိုယ်မှာ ဖြစ်နေလေသည် ။

“ထွင့်”

“ဘေးဖယ် ဘေးဖယ်”

“ဟင်းနော်”

နှုတ်ခမ်းနီမလေးတို့ ရဲ့ အသည်းစွဲဖြစ်သော်လည်း သူ့ပုံစံက မိန်းကလေးတွေကို ကြင်နာတတ်သည့် ဟန်ကောရှိရဲ့ လားမသိ။

သူ့အနီးသို့ တိုးကပ်လာသော မိန်းကလေးတွေကို လက်နှစ်ဖက်နှင့် တိုးဖယ်ရှားကာ သူငယ်ချင်းတွေ ထိုင်နှင့်နေပြီးဖြစ်သည့် ဝိုင်းသို့ လျှောက်သွားသည် ။

အရေးမလုပ်ခံရသော မိန်းကလေးတချို့သည် သူမတို့ ၏ မူလနေရာသို့ ပြန်သွားကြကာ တချို့က အနားမှာ ရစ်သီရစ်သီနှင့်။ သို့သော် ထွင့်ဆိုသူသည် ယောင်လို့ မှ လှည့်မကြည့်။

“ထွင့်..မင်းဘာသောက်မလဲ”

“ဆေးလိပ်သောက်မယ်”

သောက်စရာ အရည်တစ်ခုခုကို ပြောခြင်းဖြစ်သော်လည်း “ဆေးလိပ်သောက်မယ်” ပြောခြင်းကြောင့် ဇေရဲ မျက်နှာ မဲ့ခနဲ ဖြစ်သွားသည် ။

သွင်အောင်ခန့်က ဇေရဲရဲ့ ပခုံးကို လှမ်းပုတ်ကာ ပခုံးတွန့်ပြပြီး ကိုယ်သောက်ချင်တာ ကိုယ်မှာ ကြသည် ။ အောင်ချစ်မင်းနှင့် ထူးက ဖုန်းတစ်လုံးကို အလည်မှာ ထားကာ ခေါင်းချင်းဆိုင်နေကြသဖြင့် ထွင့်ဟု လူအများက အဖျားဆွတ် ခေါ်သည့် အထွဋ်အထိပ် မျက်နှာကို ငဲ့ကြည့်လိုက်သည် ။

မြင်လိုက်ရသောပုံတွေကြောင့် မျက်နှာဖြန်းကနဲ ထူပူသွားကာ

"ဟိတ်ကောင်တွေ"

"ဘာလဲ"

"မင်းတို့ နော် ... ဘာတွေကြည့်နေတာလဲ ငါသိတယ်နော်"

"ပြတဲ့ သူ ကုသိုလ်ရအောင် ကြည့်ပေးနေတာပါ ယောက်ဖရာ"

ဇေရဲက ဒီကောင်နှစ်ကောင် လွှတ်ထားလိုက်တာ အကောင်းဆုံးဆိုသည့် ဟန်လုပ်ပြသည် ။

"လွှတ်ထားခိုင်းမနေနဲ့ ဟိုမှာ မတွေ့ဘူးလား"

ထွဋ်က ပြောလည်း ပြော ထူးရဲ့ လက်ထဲက ဖုန်းကို ဆွဲယူပိတ်ပစ်လိုက်ရာ-

"ဟာ....ထွဋ်...ငါလိုင်းမပိတ်ရသေးဘူး။ဖုန်းဘေလ် ဖြတ်ခံရလိမ့်မယ်"

"ဘာဖြစ်လဲ ဖြတ်ခံရပလေ့စေပေါ့"

ထွဋ်မျက်နှာက ပြုံးစိစိနဲ့ ဖြစ်နေသလောက် ထူးရဲ့ မျက်နှာက အီးမှန်ခံထားရသလို ဖြစ်နေသည် ။

"မင်းကလည်း ကွာ ငါလိုင်းပဲပိတ်မှာ ။ ခဏလေးပြန်ပေးကွာ"

လက်ကမ်းနေသော ထူးရဲ့ လက်ကို ရှောင်ရှားကာ ထွဋ် ထူးရဲ့ ဖုန်းကို ဖွင့်ကာ အင်တာနက် လိုင်းပိတ်ရုံမက ဖုန်းစက်ပါပိတ်လိုက်သဖြင့် -

"ထွဋ်.. မင်း အကျင့်ယုတ်ထားနော်"

"ယုတ်တော့ဘာဖြစ်လဲ။ ဘယ်သူ့ကို ကြောက်ရမှာ လဲ"

"တော်ကြပါကွာ မင်းတို့ ကလည်း "

သွင်အောင်ခန့်က တစ်ခါတစ်လေ စနောက်ရင်း တကယ် ရန်ဖြစ်တတ်ကြသော ကိုယ့်အဖွဲ့အကြောင်း ကိုယ်သိသဖြင့် စကားနည်း ရန်စဲ ပြသနာကို တားလိုက်သည်။

ဒါတောင် ထူးက ထွင့်ကို မကျေနပ်သလို ကြည့်လိုက်သည်။

"ဒီက အပြန် အတန်းတက်ကြဦးမှာ လား"

"တ က် ရ မ ှာ ပေ့ါ ။ Pratical time ပါနေသေးတာပဲ အရေးကြီးတာကိုး"

"တက်မယ်လေ"

ဇေရဲ့ စကားကို သွင်အောင်ခန့်နှင့် အောင်ချစ်မင်းက ထောက်ခံပြီး အထွင့်ထိပ်နှင့် ထူးက တိတ်နေသဖြင့် ဇေရဲက -

"မင်းတို့ က ဘယ်လိုလဲ"

"ငါ ဒီကအပြန် အဘိုးကြီးဆီဝင်စရာရှိသေးလို့ "

အဘိုးကြီးဆိုတာ ထူး သူ့အဖေကို ပေးထားသည့် နာမ်စားဖြစ်သည်။

ထွင့်ဆီ လှမ်းကြည့်လိုက်တော့ ထွင့်က ဘယ်သူ့ရဲ့ မျက်နှာကိုမှ မကြည့်။ သွင်အောင်ခန့်က…

"ထွင့် မင်းကဘာလို့ အတန်းမတက်ရတာလဲ"

"ငါ Table Tennis ကွင်းသွားမလို့ "

"ထွင့်"

"မင်းတို့ ပဲ ဆရာမလစ်ရင် လက်မှတ်ထိုးပေး၊ မလစ်ရင် ထိုးမနေနဲ့ တော့ကွာ"

“ထွဋ်မြ မင်းအဲ့ဒါ အဓိပ္ပါယ်မရှိတာကွာ။ ငါတို့ ၅ ယောက် မတည့်တဲ့ အခါတွေ ရှိချင်ရှိမယ်။ ဒါပေမဲ့ဘယ်တုန်းက အဲဒီလို ခွဲထွက်သွားဖူးလို့ လဲ”

အောင်ချစ်မင်း မကျေနပ်သလို ပြော၏။ စောစောက ဟန်တစ်ခွဲ သားနှင့်ဖြစ်နေသော ထူးရဲ့ မျက်နှာလည်း တစ်မျိုးပြောင်းသွားသည် ။

ထွဋ်မြ နောက်တောက်တောက် သံပရာရည်ကို ငေးပြီး -

“ငါလေတိုင်း မင်းတို့ လိုက်လေလို့ မရဘူးလေ”

“ဘာလို့ မရရမှာ လဲ။ မရဘူး။ မင်းအတန်းမတက်ရင် ငါတို့ လည်း မတက်ဘူး။ ဟော့ကောင် နေရာတကာ ခွဲခြားခွဲခြားလာလုပ်မနေနဲ့ ”

ထူးရဲ့ အသံက အကျေမနပ်ထွက်လာသည် ။

အောင်ချစ်မင်း။ သွင်အောင်ခန့်နှင့် ဇေရဲက ထွဋ်မြ တင်းနစ်ကွင်းသို့ ဘာသွားလုပ်မလဲ သိနေသဖြင့် မျက်နှာပျက်သွားကြသည် ။

“မိုက်ကယ်တို့ အဖွဲ့နဲ့ ငြိအောင် မလုပ်စမ်းနဲ့ ကွာ။ ပြီးတော့ အတန်း ချိန်ကြီး သူလည်း ဘယ်လာပ့ါမလဲ။ သင်တန်းတော့တက်လိုက်။ သင်တ န်းပြီးမှ သွားချင်ရင်လည်း မင်းသဘောပဲ”

ဇေရဲက အကျိုးသင့် အကြောင်းသင့် ရှင်းပြသောအခါ အထွဋ်မြထိပ် တစ်ချက်တော့ ငြိမ်သွားသည် ။

တကယ်တော့ စိတ်ထဲမှာ သိနေတာက “သူမ” အတန်းချိန်ပြီးလျှင် လည်း လာလိမ့်မည်မဟုတ်။ လာခဲ့လျှင်တောင် သူ့ကို ဥပေက္ခာရပ်ဝန်းန ှင့် ဆက်ဆံမှာ သိနေလေတော့ သက်ပြင်းမောတစ်ခု ချလိုက်သည် ။

ဗွန်ရယ်။ ကိုယ့်လိုလူအပေါ် မင်းဘယ်လိုအတွေးနဲ့ ဖယ်ခွာသွားချင်ရ

တာလဲ။

မင်း ကိုယ့်လက်က မလွတ်နိုင်မှန်း သိသိနဲ့ ဘာလို့ ရုန်းထွက်ချင်ရတာလဲ.

“ရှင်က လူမိုက်ပဲ။ ဟုတ်တယ် လူမိုက်တစ်ယောက်ကို ချစ်သူတော်မိခဲ့လို့ ပတ်ဝန်းကျင်မှာ ကျွန်မ အရှက်ရခဲ့တယ်။ အကဲ့ရဲ့ ခံရတယ်။ ဒါတွေထက် အရေးကြီးတာက ကျွန်မ ရှင့်ကို ချစ်လို့ မရတော့တာပဲ”

“ဗွန်”

စိမ်းကားပြတ်သားစွာ ပြောထွက်ကာ လှည့်ထွက်သွားသော သူမ၏ လက်ကို လှမ်းဆွဲလိုက်စဉ် လက်ကို ဖမ်းမမိဘဲ လေကိုသာ ဖမ်းဆုပ်ကိုင်မိခဲ့သည် ။

သူမကတော့ ရက်စက်သော မျက်လုံးတွေနှင့် လိုက်လာရဲလိုက်လာကြည့်ဟု သတိပေးခဲ့သည် ။

ချစ်ခဲ့ကြစဉ် တစ်လျှောက်လုံး ရန်ဖြစ် စိတ်ဆိုး စိတ်ကောက်ခဲ့ရခြင်း မရှိဘဲ ဘာကြောင့် ဗွန် ပြောင်းလဲသွားရသနည်း။

မိန်းကလေးတွေ ဘယ်လောက်ပဲ ဝန်းရံနေနေ သူချစ်တဲ့ သူဟာ သူမ တစ်ယောက်တည်းဆိုတာ သိဖို့ ကောင်းသည် ။

* * *

# အခန်း(၂)

"ဗွန် ငါ့ကို ဘာလို့ လမ်းခွဲသွားရတာလဲ"

မမူးဘဲ ရစ်နိုင်သူက အထွင့်အထိပ်ပဲ ဖြစ်သည် ။ မူးချင်သော်လည်း သူ့မှာ မူးခွင့်မရှိဘူးလေ။ မူးခွင့်မရှိတာထက် မူး၍ မရတာ။

အရက်ကလေ နည်းနည်းဝင်လိုက်တာနဲ့ တစ်ကိုယ်လုံးယားယံကာ အကွက်တွေ ထွက်လာသော 'အလက်ဂျစ်'ရောဂါရှိသဖြင့် ထွင့်မှာ မလိမ္မာသော်လည်း အရက်သောက်ခွင့်မရှိချေ။

တစ်ခါတစ်လေ ဘာဖြစ်လဲကွာ သောက်မယ်ဆိုပြီး ဇွတ်သောက်လျှင် တစ်ငုံလောက်နှင့်ပင် 'အလက်ဂျစ်' ထလာတတ်သည် ။

ဒီတော့ သူငယ်ချင်းတွေစုမိ၍ သောက်ကြ စားကြပြီဆိုလျှင် ထွင့်မှာ အမြည်းစားသူဖြစ်သည် ။ တစ်ခါတလေ ထွင့်နှင့် အမြဲငြိချင်သော ထူးက အာလေးလျှာလေးနှင့် -

"အရက်သောက်တဲ့ လူက လူမိုက်၊ လူမိုက်ထက်ပိုမိုက်တဲ့ သူက အမြည်းစားတဲ့ သူ"

ဟု ခနဲ့ တဲ့ တဲ့ ပြောလျှင် ထွင့် အရက်ခွက်ကို ဇွတ်ယူသည် ။

အလက်ဂျစ်ထလျှင် သောက်ဆေးနှင့်မရ ဆေးပါထိုးရသဖြင့် ဇေရဲတို့ မှာ ထူးအစား ထွင့်ကို ချော့မော့ တောင်းပန်ရတာအမော။ ထူးကတော့ ဒေါသကြီးလွယ်တော့ ထွင့်ပုံစံကို သဘောကျ၍ တဟင်းဟင်းနှင့်

လုပ်ရယ်တတ်သည် ။

ယခုလည်း ဖွန် ဘာလို့ လမ်းခွဲရသလဲတဲ့ ။

“မင်းကွာ”

“ဘာလဲ”

“ငါ မပြောချင်လို့ ကြည့်နေတာကြာပြီ”

“အဲဒီတော့”

ထူးနဲ့ ထွဋ်ရဲ့ အချီအချစကားကြောင့် ကျန်သူငယ်ချင်းတွေ ရင်တမမဖြစ်နေကြသည် ။

Canteen ထဲမှာ ထွဋ်ကို ချော့မော့၍ အတန်းတက်စေခဲ့သည် ။ အတန်းပြီးတော့ တင်းနစ်ကွင်းသို့ မသွားတော့ဘဲ သင်တန်းနှင့် အနီးဆုံး ထွဋ်ရဲ့ အိမ်သို့ စကိတ်စီးပြီးပြန်ခဲ့ကြသည် ။

သူတို့ တွေက ကိုယ်စီကိုယ်စီ ဘွဲ့တစ်လုံးစီနှင့် ကျောင်းပြီးသွားကြပါပြီ။ သို့သော် မိဘေတွက ယခုတလော ခေတ်စားနေသည့် International English School ကို သဘောကျကြသည် ။

ထို International English School သည် နိုင်ငံခြားမှ နိုင်ငံခြားသားများကိုယ်တိုင် လာဖွင့်သည့် ဘွဲ့ရကျောင်းသူကျောင်းသားများ အတွက် ၂ နှစ်တက်ရသည့် သင်တန်းကျောင်းဖြစ်သည် ။

သင်တန်းကျောင်းမှာ ယခုနှစ်မှ စဖွင့်သော ကျောင်းဖြစ်၍ လူနည်းသည် ။ ဝင်ခွင့်စာမေးပွဲဖြေ၍ တက်ရသဖြင့် တော်ရုံ English skills နဲ့တော့ မရပေ။

ပေးသည့်ဘွဲ့လက်မှတ်ကလည်း ထိုက်တန်သည် ။ ဤသင်တန်းမှ

ဆင်းပြီး နိုင်ငံခြားတွင် အ လုပ်သွားလုပ်လိုလျှင် ဝင်ခွင့်အရည်အချင်းစ စ် စာမေးပွဲဖြေစရာမလိုဘဲ လူတွေ့စစ်ဆေးခြင်းသာခံရမည်။

နိုင်ငံခြားတွင် အလုပ်ရဖို့ ကျောင်းသွားတက်ရလျှင် နေစရိတ်၊ စားစ ရိတ်က နိုင်ငံခြားငွေနှင့်ရှင်းရမည်။ စရိတ်စကက မလွယ်။

ဒီမှာ တော့ သင်တန်းကြေး ဘာကြေး ညာကြေးတွေကို ဒေါ်လာနှင့် သွင်းရတာကလွဲပြီး ကျန်တာက မြန်မာငွေကြေးဖြစ်တော့ သက်သာသ ည် ဟု ဆိုရမည်။

သင်တန်းကြေး နင့်နေအောင်ပေးရသော်လည်း ကျောင်း၏ Facilitie s ကလည်းကောင်းသည် ။ ကျောင်းထဲတွင် Wifi ever လွှင့်ထားသည် ။ L aptop တစ်ယောက်တစ်လုံး။ သင်ထောက်ကူပစ္စည်း စုံလင်စွာ။

ကျောင်းဝင်းထဲတွင် ဘီလိယက်ခုံ၊ စားပွဲတင်တင်းနစ်၊ ဘော်လီ ဘောကွင်းများ ရှိသည် ။ ဘောလုံးကွင်းတော့မရှိသေး။

သင်တန်းစရိတ်ကြီးသလို သင်ရိုး course ကိုလိုက်မှီဖို့ ကလည်း တော်တော်ကြိုးစားလွန်းကာမှ တော်ကာကျမည်။

ထွဋ်ကတော့ သူငယ်ချင်းတွေနဲ့ အဖော်ရအောင် သင်တန်းတက်ရ တာကလွဲလို့ သင်တန်းပြီးလျှင် နိုင်ငံခြားထွက်မည်ဆိုသော စိတ်ကူးမရှိ ပါ။

ဒီသင်တန်းမတက်လျှင်လည်း နိုင်ငံခြားသို့ လူးလာခေါက်တုံ့သွားခွ င့်ရှိသော်လည်း သူဘယ်မှ မသွား။ သွားချင်လိုက်တာဆိုတဲ့ စိတ်မဖြစ်မိ။

“ဟော့ကောင် ထူး”

“ခွန်..မင်းအပေါ်…ဟာ…ငါမပြောချင်ဘူးကွာ”

"ထူး"

ပြောမယ် ပြောမယ် ဆိုပြီး စကားဦးသန်းကာ တကယ်နားထောင်တော့ မပြောတော့ဘူး ဆိုသော ထူးကို ဒေါသဖြစ်သွားသည်။ စကိတ်ဖိနပ်၏ ခြေဦးထိပ်နှင့် ထိန်းကာ ထူးရဲ့ ရင်ဘတ်အကျီစကို လှမ်းဆွဲပစ်လိုက်သည်။

"ထွဋ်မ မင်းကလည်း"

"အချင်းချင်းကိုကွာ။မင်းကို မပြောနဲ့ လို့ ငါအတန်တန် သတိပေးရက်နဲ့ ထူးရာ"

"သွင်အောင်ခန့်"

ဤထဲတွင် သွင်အောင်ခန့် ပါ ပါနေသည် ဆိုသဖြင့် အထွဋ်မထိပ် ပို၍ ဒေါသဖြစ်သွားရသည် ။ ထူးကိုထိုးဖို့ ရွယ်နေသောလက်ကို အောက်သို့ချလိုက်သည်။ ထူးရဲ့ အကျီရင်ဘတ် ဆောင့်ဆွဲထားသောလက်ကို ရိုးရိုးတန်းတန်း မရုတ်ဘဲ ထူးရဲ့ ရင်ဘတ်ကို ဆောင့်တွန်းကာ ရုတ်လိုက်သည်။

ဘယ်သူ့ကိုမှ စကားမပြောတော့ဘဲ စကိတ်ကို အရှိန်နှင့် စီးသွားသော ထွဋ်မကို ဘယ်သူမှ မတားဖြစ်တော့ပေ။

"တောက်"

ထူးက ပြောချင်သော စကားကို မပြောနိုင်သဖြင့် ကိုယ့်ကိုယ်ကိုယ် အားမရပေ။ အောင်ချစ်မင်းက ထူးရဲ့ ပခုံးတစ်ဖက်ကို လက်နှင့် ဖျစ်ကာ အားပေးလိုက်သည်။

ပုံမှန် နှုန်းနှင့် စကိတ်စီးလာသူ ၄ ယောက် တစ်ယောက်ချင်းစီ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြစဉ်-

“ငါအဲဒီ မိန်းမကို ပုံစံသွားပေးချင်တယ် ဇေရဲ”

“ဟိတ်ကောင်”

“ငါလုံးဝမကျေနပ်ဘူးကွာ။ ထွဋ်မှာ ဘာအပြစ်တွေရှိလို့ သူက ချန်ထားခဲ့ရတာလဲ။ ထွဋ်ဟာ ဆိုးချင်ဆိုးမယ် မိုက်ချင်မိုက်မယ်။ မပွေနောက်ဘူး။ အထူးသဖြင့် သူ့လိုတောင် ယောကျ်ားလေးတွေကို အထာပေးတတ်တဲ့ အကျင့်မရှိဘူး။ ပြောကြစတမ်းဆိုရင် ထွဋ်သာ အထာပေးကြည့်လိုက် အိမ်ပေါ်ပြုတက်လာမယ့် မိန်းကလေးတွေ တစ်ပုံကြီးပဲ။ ”

“ထူး မိန်းမလို မိန်းမရ စကားတွေ မပြောစမ်းပါနဲ့ ကွာ”

“ဟုတ်တယ် အကုသိုလ် မွေးမနေနဲ့ ”

“တွေ့လား ငါတို့ ယောကျ်ားလေးတွေ ပြောရင်ကျတော့ ဘာဖြစ်ညာဖြစ်နဲ့ မင်းတို့ ကိုပြောမယ်။ သူတို့ မိန်းကလေးတွေ ပွေရိုက်နေတာကျတော့ မင်းတို့ မမြင်ဘူးလား”

ထူးကလည်း တစ်မှောင့်။

ဒီပြဿနာ ထူးသာ အစသွားမဖော်လျှင် ထွဋ် ဘာမှ ပြင်းပြင်းထန်ထန် ခံစားရလိမ့်မည် မဟုတ်။

ကိုယ်တွေကလည်း ဇွန် တခြားသော သူတစ်ယောက်နှင့် တွဲနေတာသိသည် ။

သို့သော် ဘယ်လိုပုံစံနှင့် ပြောရမည်နည်း။ဒေါသကြီးသော ထွဋ် တစ်ခုခု မလုပ်နိုင်ဟု ဘယ်သူမှ မပြောနိုင်။

တင်းနစ်ကွင်းဘက်သို့ မရောက်အောင် တားရတာကလည်း တခြားမဟုတ်။ ‘ဇွန်’ တစ်ယောက် သူမရဲ့ အဖော်အသစ်နှင့် တင်းနစ်ကွင်းတွင်

နေ့တိုင်းရှိနေသည် ။

ရှိနေသည် မှာ ရိုးရိုးမဟုတ်။ ထွင့်နှင့် ကစားနေကျအချိန် ကစားနေကျနေရာမှာ ထွင့်မဟုတ်သော လူတစ်ယောက်နှင့် ကစားနေသည် ။

သူတို့ ဘယ်လောက်ထိ နာကျင်ရလဲ နှိုင်းဆဖွယ်ရာ မရှိ။

တကယ်တော့-

"ထွင့် ၊ ထူး၊ ဇေရဲ၊ သွင်အောင်ခန့်၊ အောင်ချစ်မင်း" ဆိုတဲ့ သူငယ်ချင်း ၅ ယောက်ဟာ ဆိုးအတူ မိုက်အတူ ညီအစ်ကို အရင်းလို ခင်ကြတဲ့ တစ်ဦးတည်းသော သားတွေ။

မိဘတွေက ငွေနောက် တကောက်ကောက်လိုက်ကာ သားသမီးတွေကို လှည့်မကြည့်တတ်သူတွေ။ ဂရုစိုက်ရကောင်းမှန်းမသိသူတွေ။

ငွေကြေးတွေကတော့ အထိုက်အလျောက်ရှိကြပေမယ့် စိတ်ချမ်းမြေ့ဖွယ်ရာတော့ တစ်စက်မှ မရှိ။

ဒီတော့ ငယ်ငယ်လေးကတည်းက အတူတွဲလာကြတဲ့ သူငယ်ချင်းတွေ လက်သည်းဆိတ်တော့ လက်ထိပ်နာသည် မှာ သိပ်တော့ မဆန်းပေ။

အထူးသဖြင့် ထွင့်ကို ညာတာရမည့်အကြောင်းတရားတွေ အများကြီးရှိသည် ။ ထူးကလည်း စနောက်တတ်ပြီး ဒေါသထွက်လွယ်တာကလွဲရင် ထွင့်ကို ထိခိုက်စေလိုသည့်စိတ် မရှိသူဖြစ်သည် ။

"ငါကတော့ ထွင့်နဲ့ ဟိုမိန်းမ ပြန်ဆက်မှာ ကို လုံးဝသဘောမတူဘူး ။ ရအောင်ဖျက်မှာ "

"ဟိတ်ကောင်"

"မင်းကလည်း ဖွတ်ပါလား"

"ဖွတ်ပဲ။ ငါတို့ သူငယ်ချင်းက သူက လွဲရင် ဘယ်သူ့မှ ရင်ခုန်ဖူးတဲ့ကောင် မဟုတ်ဘူး ။ မိန်းကလေးတွေက သူတို့ ဘာသာ လာကြိုက်ကြတာတော့ တစ်မျိုးလေ"

"ဟိုက ထွဋ်ဘက် ပြန်လှည့်လာရင်ပဲ ကျေးဇူးတင်ဦး ထူး။ သူအခုတွဲနေတဲ့ ဘဲကြီးက အကောင်ကြီးကြီး အမြီးရှည်ရှည်တဲ့ "

"ကျွတ်..သွားစမ်းပါကွာ"

အောင်ချစ်မင်းရဲ့ စကားကို ထူးဒေါသဖြစ်ကာ ထိုကောင်တွေနှင့် ခွဲထွက်ပြီး စကိတ်ကို စိတ်ရှိလက်ရှိ စီးပစ်လိုက်သည် ။

ခြေထောက်တွေက ကျင့်သားရနေပြီ ဖြစ်သဖြင့် ဘယ်တော့မှ မလဲပြီ။ ချိုင့်ဝှမ်းတွေ့လျှင်တောင် သူ့အလိုလို ခုန်ပျံကျော်လွှားတတ်သည် ။

ထွဋ်အတွက် ဘာလုပ်ပေးရင်ကောင်းမလဲ။

* * *